# ကိုယ့်အတွက် ကိုယ်လုပ်

အတ္တာဟိ အတ္တနော နာထော၊
ကောဟိ နာထော ပရော သိယာ၊
အတ္တနာ ဟိ သုဒန္တေန၊
နာထံ လဘတိ ဒုလ္လဘံ။

(ဓမ္မပဒ၊ ၁၆၀)

One is the refuge of oneself;
what other refuge could there be ?
With oneself fully controlled,
one obtains a refuge
which is hard to gain.

မိမိသည်သာလျှင်
(ကိုယ့်အတွက် ကိုယ်လုပ်ခြင်းဖြင့်)
မိမိ၏ အားထားရာ ဖြစ်၏။
သူတစ်ပါးသည်
မိမိ၏ အားထားရာ
အဘယ်မှာ ဖြစ်ရာအံ့နည်း။
မိမိကိုယ်ကို ကောင်းစွာ ဆုံးမခြင်းအားဖြင့်
(ကိုယ့်အတွက် ကိုယ်လုပ်ခြင်းဖြင့်)
ရခဲလှသည့် နိဗ္ဗာန်တည်းဟူသော
ကိုးကွယ်ရာကို ရလေ၏။

## ဓမ္မသတင်းလွှာ

### ဓမ္မမိတ်ဆွေများအသင်း
### မစိုးရိမ်သာသနဗေဒတိကကျောင်း
### ဝါတွင်းကာလ အထူးအစီအစဉ်များ

၁။ အပတ်စဉ် သောကြာနေ့ ညနေတိုင်း ပဋ္ဌာန်းသင်တန်းပို့ချခြင်း။

၂။ တနင်္ဂနွေနေ့တိုင်း –

(က)နံနက်ပိုင်း သီလပေး၊ တရားချီးမြှင့် ဟောကြားခြင်း။
နံနက် ၈း၃၀–နာရီတွင် ဥပုသ်သီလတရားချီးမြှင့်မည်။

(ခ) နေ့လည် **၁၂း၃၀** နာရီမှ **၂း၀၀** နာရီထိ
တရားဟောကြားခြင်း၊ တရားပွားများခြင်း။

(ဂ) နေ့လည် **၂း၀၀** နာရီမှ **၄း၀၀** နာရီထိ
ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်း၊ အဘိဓမ္မာသင်တန်း ပို့ချခြင်း။

(ဃ)ညနေ **၄း၀၀** နာရီမှ **၅း၀၀** နာရီထိ တရားရှုမှတ်ပွားများခြင်း။

အထက်ပါ အစီအစဉ်တို့ကို ပြုလုပ်ဆောင်ရွက်မည် ဖြစ်ပါသည်။

• • • • • • • • • • • • • • • • •

ဓမ္မမိတ်ဆွေများအသင်း၊ မစိုးရိမ်သာသနဗေဒတိကကျောင်း၌ ပြုလုပ်ဆောင်ရွက်လျက်ရှိသော ဆောင်ရွက်မှုများနှင့် သတင်းအချက်အလက်များကို www.masoeyeindfa.org အင်တာနက်စာမျက်နှာတွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

created using
BCL easyPDF
Printer Driver
Click here to purchase a license to remove this image